**ELECTION EDUCATION AND OBSERVATION PARTNERS**
No. 261 (1st Floor - Left), Mahar Bandoola Garden Street (Upper Block), Kyauktada Township (11181, 11182), Yangon, Myanmar.
**Phone/Fax:** (+95) 01-256 040, **Hotline:** (+95) 09 3080 5503 **SMS:** (+95) 099 6102 1161, **Info:** (+95) 097 8254 9231
**Email:** contact@eeop.org, **Website:** http://www.eeop.org

# EEOP ၏ ရွေးကောက်ပွဲအကြိုကာလ ထုတ်ပြန်ချက်
# ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ( ၅ ) ရက်

မြန်မာနိုင်ငံ အနှံ့အပြားမှ အဖွဲ့ဝင် အဖွဲ့အစည်းပေါင်း (၂၃) ဖွဲ့ပါဝင်ဖွဲ့စည်းထားသော ရွေးကောက်ပွဲ ပညာပေးရေး နှင့် လေ့လာစောင့်ကြည့်ရေး မိတ်ဖက်များ (Election Education and Observation Partners – EEOP) အဖွဲ့သည် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်မှလွဲပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် မဲဆွယ်စည်းရုံးမှုကာလနှင့် ရွေးကောက်ပွဲအကြိုကာလ ရွေးကောက်ပွဲဖြစ်စဉ်ကို စောင့်ကြည့် လေ့လာလျှက် ရှိသည်။ ဤရွေးကောက်ပွဲ အကြိုကာလ သတင်းထုတ်ပြန်ချက်သည် မဲဆန္ဒရှင်စစ်တမ်းနှင့် ကျွမ်းကျင်သူများ၏ စစ်တမ်း များမှတစ်ဆင့် ကာလရှည် စောင့်ကြည့်လေ့လာသူများ၏ အစီရင်ခံစာများအား စုဆောင်းအခြေခံ ထားသည်။

## မဲဆွယ်စည်းရုံးမှုဆိုင်ရာ ဝန်းကျင်အနေအထား

ယေဘူယျခြုံငုံသုံးသပ်မှုအရ မဲဆွယ်စည်းရုံးမှုဆိုင်ရာ ဝန်းကျင်အနေအထားသည် ယခင်ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်ချက်များအရ ကောင်းမွန်လာသည်ဟု ဆိုနိုင်သော်လည်း ပြဿနာဖြစ်သည့်နေရာများလည်း ရှိနေသည်ကို တွေ့ရှိရသည်။ ပါတီတစ်ချို့၏ မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုများတွင် နိုင်ငံပိုင်အရင်းအမြစ်များအား မညီမျှစွာ အသုံးပြု နေသည်ဟု စောင့်ကြည့်လေ့လာသူများ၏ အစီရင်ခံမှုများ ရှိခဲ့သည်။ မဲဝယ်ယူမှုပုံစံများအားလည်း သီးခြားနေရာများမှ အစီရင်ခံမှုများ ရှိခဲ့ပြီး၊ တစ်ချို့သော မဲဆွယ်စည်းရုံးမှုများတွင် လွတ်လပ်စွာ မဲဆွယ်စည်းရုံးလှုပ်ရှားမှုအား ကန့်သတ်၊ ဆုံးရှုံးမှုဖြစ်စေသည့် (သို့မဟုတ်) နှောင့်နှေးမှုဖြစ်စေသည့် ကြုံတွေ့မှုများကို အစီရင်ခံမှုများ ရှိခဲ့ပါသည်။ ပြီးခဲ့သော ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများဖြင့် နှိုင်းယှဉ်မှုအရ မဲဆွယ်စည်းရုံးရေး ဝန်းကျင်အနေအထားသည် တိုးတက်လာပြီး၊ ၄င်းတိုးတက်မှုများအတွက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၊ လုံခြုံရေးအင်အားစုများနှင့် နိုင်ငံရေးပါတီများအား အသိအမှတ်ပြုသင့်သည်။

## မဲဆန္ဒရှင် ပညာပေးရေး

အရပ်ဖက်အဖွဲ့အစည်းများမှ ပြုလုပ်သော မဲဆန္ဒရှင် ပညာပေးရေးလုပ်ငန်းများသည် ၂၀၁၀၊ ၂၀၁၂ ရွေးကောက်ပွဲများထက် ပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရှိရသည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် မဲဆန္ဒရှင်ပညာပေးရေး လုပ်ငန်းများကို တီဗီအစီအစဉ်များ၊ ရေဒီယိုအစီအစဉ်များ၊ သတင်းမီဒီယာများမှတစ်ဆင့် ပံ့ပိုးပေးနေသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် တယ်လီဖုန်း SMS Message များမှတစ်ဆင့် မဲဆန္ဒရှင်များအား အသိပေး တိုက်တွန်းမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ရွေးကောက်ပွဲဖြစ်စဉ်များ၌ ပြည်သူလူထုများ အနေဖြင့် ထိထိရောက်ရောက် ပူးပေါင်းပါဝင်နိုင်ရန် သတင်းအချက်အလက်များ လုံလုံလောက်လောက် မရရှိ ကြောင်း တွေ့မြင်ရပါသည်။

## ရွေးကောက်ပွဲစီမံအုပ်ချုပ်မှု

အကောင်းဆုံး ကြိုးစားအားထုတ်မှုများကို ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လုပ်ဆောင်ခဲ့သော်လည်း မဲစာရင်း နှင့်ပတ်သက်ပြီး ပြဿနာများကို အစီရင်ခံမှုအများအပြား ရရှိနေပြီး၊ ရွေးကောက်ပွဲနေ့တွင် မဲပေးနိုင်ရန် အခက်အခဲများကြုံတွေ့ရနိုင်ပါသည်။ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခင်ရွေးကောက် ပွဲများထက်များစွာ

No. 261 (1st Floor - Left), Mahar Bandoola Garden Street (Upper Block), Kyauktada Township (11181, 11182), Yangon, Myanmar.
**Phone/Fax:** (+95) 01-256 040, **Hotline:** (+95) 09 3080 5503 **SMS:** (+95) 099 6102 1161, **Info:** (+95) 097 8254 9231
**Email:** contact@eeop.org, **Website:** http://www.eeop.org

တိုးတက်လာသည်ဟု အသိအမှတ်ပြုခံရသော်လည်း၊ နိုင်ငံတော်အဆင့်နှင့် ဒေသဆိုင်ရာ အဆင့် ကော်မရှင်တွင် တာဝန်ထမ်းဆောင်သူ အများစုသည် စစ်မှုထမ်းဟောင်းများဖြစ်ကြသည်ကို စောင့်ကြည့်လေ့လာသူများ သိရှိပြီးဖြစ်သည်။ ပြည်သူလူထုနှင့် စောင့်ကြည့်သူများသည် ရွေးကောက်ပွဲစီမံအုပ်ချုပ်သူများ အချို့နေရာများတွင် နိုင်ငံရေးအရ ဘက်လိုက်မှုရှိမည်ကို စိုးရိမ်ပူပန်မှုများ ရှိနေပါသည်။

**ရွေးကောက်ပွဲ ကော်မရှင်သို့ အကြံပြုတင်ပြချက်များ**

- ရွေးကောက်ပွဲနေ့အတွက် အကြံပြုချက်များအနေဖြင့် ဘာသာရေးနှင့် အခြားကိစ္စများအပေါ် မူတည်၍ အကြမ်းဖက်မှု ပြဿနာဖြစ်နိုင်ခြေများရှိသည့်အတွက် ရွေးကောက်ပွဲ ကော်မရှင်နှင့် ရွေးကောက်ပွဲ လုံခြုံရေး အဖွဲ့များအနေဖြင့် မဲဆန္ဒရှင်များကို အပြည့်အဝကာကွယ်ပေးရန် အကြံပြု လိုပါသည်။
- ရွေးကောက်ပွဲနေ့တွင် အချို့နေရာများ၌ မဲပေးမှုနှင့် အထူးသဖြင့် မဲရေတွက်မှုဖြစ်စဉ်အား စောင့်ကြည့်လေ့လာခွင့်မရမည်ကို စိုးရိမ်ပူပန်မှုများ ရှိနေပါသည်။ ရွေးကောက်ပွဲကော်မရှင်အနေ ဖြင့် မဲရုံဝန်ထမ်းများအား စောင့်ကြည့်လေ့လာသူ များရှိနေခြင်းသည် မဲပေးမှုနှင့် မဲရေတွက်မှုဖြစ်စဉ် အပေါ် အများလက်ခံနိုင်မှုအတွက် အရေးကြီးသည်ဟု ရှင်းပြသင့်ပါသည်။

**မဲဆန္ဒရှင်များသို့ အကြံပြုတင်ပြချက်များ**

- မဲဆန္ဒရှင်များအနေဖြင့် ကျန်ရှိသော နှစ်ရက်အတွင်း မဲစာရင်း သွားရောက်စစ်ဆေးပြီး လိုအပ်သည့် ဆောင်ရွက်ချက်များကို ရွေးကောက်ပွဲကော်မရှင်များ၊ နိုင်ငံရေးပါတီများ၊ မီဒီယာများနှင့် အရပ်ဖက်အဖွဲ့အစည်းများသို့ သတင်းပေးပို့ မှတ်တမ်းယူထားကြပါရန်နှင့် မဲပေးခွင့်ရရှိအောင် ကြိုးပမ်းကြပါရန် အကြံပြုလိုပါသည်။
- ရွှေ့ပြောင်းလုပ်သားများအုပ်စုလိုက် မဲစာရင်းတွင် မပါဝင်သေးပါက အလုပ်ရှင်/ကြီးကြပ်သူနှင့် တိုင်ပင်ပြီး နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းပါရန် အကြံပြုလိုပါသည်။
- သေဆုံးပြီးသူများ၏ မဲစာရင်းများ၊ အမည်မသိသော မဲဆန္ဒရှင်များ မိမိလိပ်စာတွင် ပါဝင်နေပါက ချက်ချင်းကန့်ကွက်ပါရန် အကြံပြုလိုပါသည်။

**နိုင်ငံရေးပါတီများသို့ အကြံပြုတင်ပြချက်များ**

- နိုင်ငံရေးပါတီများအနေဖြင့်လည်း မဲဆန္ဒရှင်များ၏ အခက်အခဲများကို တတ်စွမ်းသမျှ ဖြေရှင်းပေးရန် အကူအညီများ ပေးစေလိုပါသည်။
- ရွေးကောက်ပွဲနေ့တွင် ဖြစ်ပွားနိုင်သော အကြမ်းဖက်မှုများနှင့် မသမာမှုများရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးရန် အကြံပြုလိုပါသည်။
- ရွေးကောက်ပွဲရလဒ် အား မှန်ကန်စွာ အတည်ပြုနိုင်ရန် စင်ပြိုင်မဲရလဒ် စာရင်းသွင်းခြင်း (PVT System) ပြုလုပ်ရန် (သို့မဟုတ်) မဲရုံအသီးသီးရှိ ရလဒ်များကို ဓာတ်ပုံမှတ်တမ်းများ ရယူခြင်းများ ပြုလုပ်ရန် အကြံပြုပါသည်။